## ပဌမအရာ၌တမန်တော်တို့

မိမိတို့အားလုံး စိတ်နှလုံးနှိမ့်ချ လိုကြသော်လည်း တပါးသူတို့၏ နှိမ့်ချမှုကိုတော့ မခံချင်ကြပါ။ မိမိတို့၏ယုံကြည်ခြင်းနှင့် ပတ်သက်၍ အခြားသူများနှင့်ပြောဆိုခြင်းက နှိမ့်ချရပြီး မောက်မာခြင်းကင်းရသည့် အနေအထား အထူးသဖြင့် အစပထမတွင် ဖြစ်နိုင်သည်။ ယင်းက မိန်းမတစ်ယောက် ပြောပြသည့်အဖြစ်ပင်။ သူမအားထွက်၍ သက်သေခံခိုင်းသောအခါ သူမက "အိုး ဒါကငါ့ကိုသတ်တာဘဲ" ဟုပြောခဲ့သည်။ ဟုတ်ပါသည်။ ၎င်းကမိမိတို့၏ ဂုဏ်သိက္ခာကို သတ်ပစ်သည်ဖြစ်ရာ ယင်းက ၎င်းလုပ်သင့်သော အရာပင်ဖြစ်သည်။ မိမိတို့နှင့် မိမိတို့၏အတ္တကို ဘုရားရှင်သည် လမ်းပေါ်မှ ဖယ်ရှင်းနိုင်လေလေ သူနှင့်သူ၏ ချစ်ခြင်းမေတ္တာပို၍ ထိုးဖေါက်ထွန်းလင်းလာနိုင်လေလေ ဖြစ်သည်။

မိမိအပြင်ထွက် သက်သေခံသောအချိန် ကိုယ့်ကိုယ်ကိုပြန်ရှက်ခြင်း၊ မလုံမလဲဖြစ်ခြင်း သို့မဟုတ် အခြားသူများက မိမိကိုအထင်သေးနေသလို စတင်ခံစားမိလျှင် ဘုရားသခင်သည် သင့်အတွက် ဂုဏ်ယူနေကြောင်း မိမိအနေနှင့် ဂုဏ်ယူစရာများစွာရှိကြောင်း သူ၏ သတင်းကောင်းစေတမန် ဖြစ်ရခြင်းက ဂုဏ်ယူစရာဖြစ်ကြောင်းကို သတိရခြင်းက မိမိ၏ သက်သေခံခြင်းအမှုကို များစွာအထောက်အကူ ဖြစ်စေသည်။ တမန်တော် Apostle ဟူသောစကားကို ဘာသာပြန်ထားသော ဂရိစကားလုံးက APOSTOLOS ဖြစ်ပြီး "စေလွှတ်လိုက်သော သူတစ်စုံတစ်ဦး" ဟုအဓိပ္ပါယ်ရသည်။ (၁ကောအခန်းကြီး ၁၂) တွင်ရှင်ပေါလုက အသင်းတော်၏ဖွဲ့စည်းမှုနှင့် လုပ်ငန်းများကို ဖေါ်ပြရာတွင် ဘုရားသခင်က သူ၏တမန်တော်ကြီးများကို သူ၏အမည်စာရင်းထိပ်ဆုံးတွင်ထားရှိကြောင်းကို တွေ့ရှိရသည်။ "ပဌမအရာ၌ တမန်တော်တို့"။ သင်သည် အခြားသူတို့၏စာရင်းတွင် အောက်ဆုံး၌ ရှိနေကောင်းရှိနေမည်။ သို့သော်လည်း ဘုရားသခင်၏စာရင်းတွင်မူ ထိပ်ဆုံးစာရင်းဝင်ပင်ဖြစ်သည်။ မိမိတို့အနေနှင့် ကိုယ့်ကိုယ်ကို တစ်စုံတစ်ရာအရေးကြီးသကဲ့သို့ ဂုဏ်ယူရန်မဟုတ်ဘဲ အကြီးမြတ်ဆုံးသော ဘုရားရှင်၏ နှုတ်ကပတ်တော်ကို သယ်ဆောင်ထားသော အမြင့်ဆုံးသောဘုရား၏ စေတမန်များအဖြစ် မိမိတို့ဂုဏ်ယူနိုင်ကြပါသည်။